# ကျန်းမာရေးဝန်ကြီးဌာန

ဌာနခွဲ (၂)

ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ နယုန်လပြည့်ကျော် ၆ ရက်။
(၁၉၅၆ ခု၊ ဇွန်လ ၂၉ ရက်။)

အမှတ် ၄၃၆။ ။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေ ပုဒ်မ ၂၆ ဖြင့် အပ်နှင်းထားသော အာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည် အောက်ပါနည်းဥပဒေများကိုပြုလိုက်သည်။

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ။ ဤနည်းဥပဒေများကို၊ ၁၃၁၇ (၁၉၅၅)ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ (ငွေရေးကြေးရေးနှင့်စာရင်းများ) ဆိုင်ရာနည်းဥပဒေများ* ဟုခေါ်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုဆိုလိုသည်။

(ခ) "ဥက္ကဋ္ဌ" ဆိုသည်မှာ၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ ဥက္ကဋ္ဌကိုဆိုလိုသည်။

(ဂ) "အဖွဲ့" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းထားသောတိုင်းရင်းဆေးဆရာအဖွဲ့ကိုဆိုလိုသည်။

(ဃ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၁၂ အရ ခန့်ထားသည့် မှတ်ပုံတင်အရာရှိကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင်မှတ်ပုံတင်အရာရှိ ကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်းခံရသူလည်း ပါဝင်သည်။

## ငွေရေးကြေးရေး

၃။ ။ (၁)အဖွဲ့သည်၊ (တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ရန်ပုံငွေ) ဟုခေါ်တွင်သည့် ရန်ပုံငွေ တစ်ရပ်ထားရှိရမည်။ နိုင်ငံတော်အစိုးရထံမှရရှိသော ငွေအားလုံးကိုလည်းကောင်း၊ ဤအက်ဥပဒေအရ ကောက်ခံရရှိသည့် အခကြေးငွေများအားလုံးနှင့် အဖွဲ့ကရရှိသည့် အခြားကြေးငွေများအားလုံး ကိုလည်းကောင်း ထိုရန်ပုံငွေသို့ ထည့်သွင်းရမည်။

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်၊ စာမျက်နှာ - ၁၁၇၀။

(၂) အဖွဲ့သည်၊ မိမိ၏ငွေအားလုံးကို နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ဖြစ်စေ၊ နိုင်ငံတော်သမ္မတက ညွှန်ကြားသည့်အခြားဘဏ်တွင်ဖြစ်စေ အပ်နှံထားရမည်။ ငွေထုတ်လိုသောအခါ ဥက္ကဋ္ဌနှင့်၊ သို့တည်းမဟုတ် အဖွဲ့ဝင်တစ်ဦးနှင့် အဖွဲ့အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

၄။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ မိမိထံ၌မှတ်ပုံတင်ခကြေးငွေ ၂၅ဝ ကျပ်ပြည့်တိုင်း ပြည့်တိုင်းအဖွဲ့၏ရံပုံငွေသို့ ထည့်သွင်းရမည်။

(၂) အသေးသုံးစရိတ်အတွက် အဖွဲ့အတွင်းရေးမှူးလက်တွင် ငွေ ၁ဝဝကျပ် ထားရှိနိုင်သည်။ ဥက္ကဋ္ဌသည်၊ ကျပ် ၂၅ဝ ထက်မပိုသောငွေကိုအရေးကြီးသောကိစ္စအတွက် သုံးစွဲရန်အခွင့်ပြုနိုင်သည်။

(၃) မည်သည့်အသုံးငွေကိုမဆို သုံးပြီးသည့်နောက် စည်းဝေးသည့်အဖွဲ့၏အစည်းအဝေးတွင်တင်ပြရမည်။

၅။ ။ အဖွဲ့သည်၊ မိမိရံပုံငွေကိုအောက်ပါကိစ္စများအတွက်သာသုံးစွဲရမည်။

(က) အဖွဲ့၏ရာထမ်းမှုထမ်းတို့အတွက် လစာ၊ စရိတ် စသည်တို့ကိုကျခံရမည်။

(ခ) အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ နည်းလမ်းတကျကုန်ကျမည့် အခြားအသုံးစရိတ်များကိုကျခံရန်။

ငွေစာရင်းများ

၆။ ။ (၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးမကုန်မီ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ရ-သုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတထံ သဘောတူညီချက်ရရန်တင်သွင်းရမည်။

(၂) အဖွဲ့သည်၊ အဆိုပါမှန်းခြေငွေစာရင်းများကိုပြင်သည့် နောက်ထပ်မှန်းခြေငွေစာရင်းများကိုလည်း၊ အခါအားလျော်စွာ နိုင်ငံတော်သမ္မတ ထံတင်သွင်းနိုင်သည်။

(၃) အထက်ပါအပိုဒ်များအရခွင့်ပြုထားသည့်ခန့်မှန်းခြေငွေစာရင်းထက် ပို၍ မည်သည့်အသုံးစရိတ်ကိုမျှကျခံခြင်းမပြုရ။

၇။ ။ (၁)အဖွဲ့သည်၊ ငွေစာရင်းများကိုလည်းကောင်း၊ ငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုလည်းကောင်း နည်းလမ်းတကျထားရှိစေရမည်။ ထို့ပြင်အဖွဲ့အလုပ်ဝတ္တရားများကိုဆောင်ရွက်သည့်နှစ်အသီးသီးနှင့် စပ်လျဉ်း၍၊ နှစ်ချုပ်ငွေစာရင်းကိုလည်း နိုင်ငံတော်သမ္မတ၏သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ် သတ်မှတ်သည့်ပုံစံအတိုင်း စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေး၍ နိုင်ငံတော်သမ္မတထံ အစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာကို နိုင်ငံတော်သမ္မတက ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသို့ တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်သမ္မတသည် မည်သည့်အခါတွင်မဆို မိမိညွှန်ကြားသည့်စာရင်းစစ်အား ထိုငွေစာရင်းများကို စစ်ဆေးစေနိုင်သည်။

(၃) အဖွဲ့၏လစဉ်ငွေစာရင်း ရှင်းတမ်းများကို နိုင်ငံတော်သမ္မတထံလစဉ် မှန်မှန်ပေးပို့ရမည်။

## နှစ်ချုပ်အစီရင်ခံစာ

၈။ ။ (၁) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ ကသတ်မှတ်သည့်အချိန်ကာလတွင် နိုင်ငံတော်သမ္မတထံနှစ်စဉ် နှစ်ချုပ်အစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာတွင်ထိုနှစ်အတွင်း အဖွဲ့ဆောင်ရွက်သည့်ကိစ္စများ၊ အဖွဲ့၏မူများနှင့်လုပ်ငန်းစဉ်များကိုဖော်ပြရမည်။ နိုင်ငံတော်သမ္မတသည်၊ ထိုအစီရင်ခံစာ၏မိတ္တူကို ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသို့တင်ပြရမည်။

(၂) ထိုအစီရင်ခံစာတွင် အဖွဲ့ဝင်များ၏စာရင်းနှင့် အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်များထုတ်ယူသောအခကြေးငွေနှင့် စရိတ်များလည်းပါရှိရမည်။

**အမိန့်အရ၊**

**ဘစိန်**

ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ကျန်းမာရေးဝန်ကြီးဌာန။